# ထားဝယ်အထူးစီးပွားရေးဇုန်

## ၁။ တည်နေရာ

- တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်တွင်ရှိ ထိုင်းနယ်စပ်မှ (၁၃၂) ကီလိုမီတာ၊ ဘန်ကောက်မှ (၃၀၀) ကီလိုမီတာ၊ ထိုင်းအရှေ့ဘက်ကမ်းခြေမှ (၄၅၀) ကီလိုမီတာ အကွာအဝေးတွင် တည်ရှိပါသည်။

## ၂။ နောက်ခံသမိုင်းကြောင်း

- ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် စင်္ကာပူနိုင်ငံ၌ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထားဝယ်ဇုန်မှ ဘန်ကောက်ထိ ချိတ်ဆက်မည့် လမ်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့ MoU လက်မှတ် ရေးထိုးခဲ့ပါသည်။
- ၂၀၀၈ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံ၊ နေပြည်တော်၌ ထားဝယ်ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နှင့် ထားဝယ်ဇုန်မှ ဘန်ကောက်ထိ ချိတ်ဆက်မည့် လမ်းတည်ဆောက်ခြင်းတို့အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့ MoU လက်မှတ်ရေး ထိုးခဲ့ပါသည်။

## ၃။ ထားဝယ်အထူးစီးပွားရေးဇုန်၏ ဧရိယာအကျယ်အဝန်း

- အထူးစီးပွားရေးဇုန်နယ်နိမိတ်ဧရိယာ ၁၉၆ စတုရန်းကီလိုမီတာ ( ၄၈၄၃၂) ဧက
- ကနဦးစက်မှုလုပ်ငန်း ဧရိယာ ၂၇ စတုရန်းကီလိုမီတာ ( ၆၆၇၂) ဧက

## ၄။ သဘောတူစာချုပ်ခြင်း

- ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် နေပြည်တော်၌ ထားဝယ်ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နှင့် ထားဝယ်ဇုန်မှ ဘန်ကောက်ထိ ချိတ်ဆက်မည့် လမ်းတည်ဆောက်ခြင်း တို့အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့ မူဘောင် သဘောတူညီချက် ( Frame work Agreement) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

- ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ–ထိုင်း ကုမ္ပဏီတို့ ချုပ်ဆိုထားသည့် ထားဝယ်ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နှင့် ထားဝယ်ဇုန်မှ ဗန်ကောက်ထိ ချိတ်ဆက်မည့်လမ်းတည်ဆောက်ခြင်းများအတွက် လက်မှတ်ရေးထိုးခဲ့သော လုပ်ငန်းရပ်စဲကြောင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။
- ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် အီတာလျံ–ထိုင်းကုမ္ပဏီတို့ မူဘောင်သဘောတူညီချက် ( Frame work Agreement) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။
- ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်နှင့် အီတာလျံ–ထိုင်း ကုမ္ပဏီတို့ သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ၊ (Tripartite Memorandum) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။
- ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် အီတာလျံ–ထိုင်း ကုမ္ပဏီတို့သည် (Supplemental Memorandum of Understand – ing to the Tripartite Memorandum) ကို သဘောတူလက်မှတ် ရေးထိုးခဲ့ပါသည်။
- ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် အီတာလျံ–ထိုင်းကုမ္ပဏီတို့သည် **၂–လမ်းသွားကားလမ်းနှင့် ကနဦး စက်မှုဇုန်၊ ဆိပ်ကမ်းငယ်၊ ကနဦးလျှပ်စစ်ဓါတ်အားပေးစက်ရုံ၊ ကနဦးလူနေအဆောက်အဦများနှင့် မြို့ပြစီမံကိန်း၊ ကနဦးရေပေးဝေရေးစီမံကိန်း၊ ဆက်သွယ် ရေးလိုင်း ၊ သဘာဝဓါတ်ငွေ့ရည်ဆိပ်ကမ်း လုပ်ငန်းများအတွက်** ( Concession Agreement ) (၈) ခုကို ချုပ် ဆိုခဲ့ပါသည်။

## ၅။ ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးစီမံကိန်းနှင့် ပင်မစီမံကိန်းများ

- မူဘောင်သဘောတူစာချုပ်တွင် ထားဝယ်အထူးစီးပွားရေးဇုန်အား ကနဦးစီမံကိန်း (Initial Phase Project) နှင့် ပင်မစီမံကိန်း (Full Phase Project) အဖြစ် ခွဲခြား ဆောင်ရွက်ရန်ပါဝင်ခဲ့ပြီး၊ စီမံကိန်းလုပ်ငန်းများအား အောက်ပါအတိုင်း သတ်မှတ် ထားခဲ့ပါသည်-

(က) **ကနဦးစီမံကိန်း**

(၁) ကနဦးစက်မှုလုပ်ငန်းနယ်မြေ၊

(၂) ၂-လမ်းသွားကားလမ်း၊

(၃) ဆိပ်ကမ်းငယ်၊

(၄) ကနဦးလျှပ်စစ်ဓါတ်အားပေးလုပ်ငန်း၊

(၅) ကနဦးမြို့ပြအိမ်ယာလုပ်ငန်း၊

(၆) ကနဦးရေပေးဝေရေးလုပ်ငန်း၊

(၇) ဆက်သွယ်ရေးလိုင်း။

(ခ) ပင်မစီမံကိန်း

(၁) ရေနက်ဆိပ်ကမ်း၊

(၂) စက်မှုဇုန်၊ သံမဏိစက်ရုံ၊ ဓါတ်မြေသြဇာစက်ရုံ၊ လျှပ်စစ်ဓါတ်အားပေးစက်ရုံ၊ ရေပေးဝေရေးစနစ်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊

(၃) ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်း နယ်စပ် ကန်ချနာဘူရီပြည်နယ်၊ ဖူနမ်ရွမ်သို့ ဆက်သွယ်သောကားလမ်း၊ မီးရထားလမ်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ ပိုက်လိုင်းနှင့် လျှပ်စစ်ဓါတ်အားလိုင်း၊

(၄) မြို့ပြနှင့်စီးပွားရေးအချက်အချာအဆောက်အဦများ၊ ခရီးသွားလုပ်ငန်းများ၊ အပန်းဖြေနေရာစခန်းများ။

၆။ **အီတာလျံ-ထိုင်းကုမ္ပဏီမှ ကနဦးစီမံကိန်းများ ထပ်မံအဆိုပြုလာခြင်း**

- ကနဦးစီမံကိန်းဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်း(၇)ခုအား (ယခင်)က ခေါ်ယူခဲ့သော်လည်း အီတာလျံ-ထိုင်း ကုမ္ပဏီအုပ်စုမှ အောက်ပါအတိုင်း စီမံကိန်းလုပ်ငန်း(၉)ခုဖြင့် အဆိုပြုလွှာ တင်သွင်းခဲ့ပါသည်-

(က) ကနဦးစက်မှုလုပ်ငန်းနယ်မြေ၊

(ခ) ၂-လမ်းသွားကားလမ်း၊

(ဂ) ဆိပ်ကမ်းငယ်၊

(ဃ) ကနဦးလျှပ်စစ်ဓါတ်အားပေးလုပ်ငန်း၊

(င) ကနဦးမြို့ပြအိမ်ယာလုပ်ငန်း၊

(စ) ကနဦးရေပေးဝေရေးလုပ်ငန်း၊

(ဆ) ဆက်သွယ်ရေးလိုင်း၊

(ဇ) ယာယီလျှပ်စစ်ဓါတ်အားပေးလုပ်ငန်း၊

(ဈ) သဘာဝဓါတ်ငွေ့ရည်ဆိပ်ကမ်း။

၇။ **ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းတည်ထောင်ခြင်း**

- ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို ဗဟိုအဖွဲ့မှ ၁၂-၁၀-၂၀၁၆ ရက်နေ့တွင်ဖွဲ့စည်းပေးခဲ့ပါသည်။

၈။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ Website –

- http://www.daweisezmc.com/